


mgyoe.com

ရန်သူမရှိ၊ မိတ်ဆွေသာရှိသူ

# ဒဂုန်တာရာ

စာသား - မောင်ကိုကို(အမရပူရ)

သရုပ်ဖော် - ပန်းချီလှုပ

အခြေခံမိတ်ဆက်စာစဉ်

အတ္ထုပ္ပတ္တိ

mgyoe.com

mgyoe.com

ကလေးလူငယ်များအတွက်နှင့်
စာဖတ်ကျင့်ရရှိရေး ရည်ရွယ်စီစဉ်သော
အခြေခံမိတ်ဆက်စာစဉ် (အတ္တုပ္ပတ္တိ)

ISBN9789997117014
BBB6
9 789997 117014
1,000.00KS

mgyoe.com

ဒဂုန်တာရာ၊ မောင်ကိုကို(အမရပူရ)နှင့် ပန်းချီလှပ
စာမျက်နှာ ၅၆ မျက်နှာ၊ ၁၄·၅ စင်တီ× ၂၀·၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

အခြေခံမိတ်ဆက်စာစဉ်

ရန်သူမရှိ၊ မိတ်ဆွေသာ ရှိခဲ့သူ

# ဒဂုန်တာရာ

စာသား – မောင်ကိုကို(အမရပူရ)

သရုပ်ဖော် – ပန်းချီလှပ

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

* စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ်လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံမိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။
* ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုးပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သားဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com




ရန်သူမရှိ

မိတ်ဆွေသာရှိ

ဟူသော အယူအဆဖြင့် နေထိုင်သွားခဲ့သူ ကဗျာဆရာ၊
ဝတ္ထုဆရာ၊ စာပေသဘောတရားဆရာ... 'ဒဂုန်တာရာ'
၏ အမည်ရင်းမှာ ဦးဌေးမြိုင် ဖြစ်ပါသည်။



mgyoe.com



မောင်ဌေးမြိုင်ကို ၁၉၁၉၊ မေလ ၁၀ ရက်၊ စနေနေ့တွင် ဒေးဒရဲအပိုင်၊ ထိုင်ကူမြစ်တန်း ကျေးရွာ၌ မွေးဖွားခဲ့သည်။



mgyoe.com



mgyoe.com

သူ၏ရွာမှာ ခြသေ့်ရုပ် နတ်လမ်းနှင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိ၏။ ရွာအဝင်ဝမှာ ထိုင်ကူချောင်း ရှိ၏။

ရွာ၏အပြင်မှာ ကျယ်ပြန့်လွန်းသော လယ်ကွင်းများ ရှိ၏။ ချောင်းရေသည် လယ်ကွင်းပတ်လည်သို့ စီးဆင်းသွား၏။ လမုပင်၊ ရေသဖန်းပင်တို့သည် ချောင်းကလေးကို အုပ်မိုးလျက် စိမ်းစိုအေးမြနေ၏။ ရွာထိပ် ညောင်ပင်အောက်မှာ နတ်စင်ရှိသည်။ နတ်စင်ထဲမှာ ရှားပန်းထည် ဆင်ယင်ထားသော နတ်ရုပ်ရှိ၏။



mgyoe.com



မောင်ငွေးမြိုင်၏ အိမ်မှာ အိမ်ကြီးအိမ်ကောင်းဖြစ်သည်။ အဘွား က စည်းကမ်းကြီးသည်။ ရှေးရိုးရာအယူအဆကို ယုံကြည်သည်။ မောင်ငွေးမြိုင်ကိုတော့ အဘွားက သည်းသည်းလှုပ် ချစ်၏။

"မွေးနေ့၊ သောကြာနဲ့ တနင်္လာနေ့မှာ ဆံပင်မညှပ်ရဘူး။ အိမ်ထဲမှာ လက်သည်းခြေသည်း မဖြတ်ရဘူး။ ဘောင်းဘီအနက်ကို လုံးဝမဝတ်နဲ့" ဟု အဘွားက ပြောတတ်၏။



mgyoe.com

mgyoe.com



ရွာထိပ် နတ်စင်ရှေ့မှာ အဘွားနှင့် မောင်ဌေးမြိုင် လမ်းဖြတ်လျှောက်မိသည်။

“ဟဲ့ ရိုးရာနတ်ကို ကန်တော့လိုက်စမ်း ငါ့မြေးလေး.. နတ်လိုမှ ဗြဲဟ်မ,တယ်ဟဲ့ မှတ်ထား” အဘွားက ပြောသည်။

မောင်ဌေးမြိုင်သည် အဘွားကန်တော့ဆိုတော့လည်း နတ်ရုပ်ကို ကန်တော့ရပြန်၏။ စိတ်ထဲက ရယ်ချင်မိ၏။



mgyoe.com



"ဟဲ့ ငါ့မြေးလေး... နတ်ရုပ်ကိုများ ဘယ်တော့မှ မရိုမသေ မလုပ်လေနဲ့။ နင် နတ်ကိုင်ခံရမယ်"


"နတ်က ဘယ်နေရာကို ကိုင်မှာလဲ အဘွား"

"ဟဲ့ နင့်ပါးစပ်ပိတ်ထား။ နင့်ပါးစပ်ကို နတ်ကိုင်သွားလို့ နင် တစ်သက်လုံး အ,သွားမယ်။ မလေးမစား မပြောနဲ့"

မောင်ဌေးမြိုင်၏စိတ်ထဲက အဘွားပြောတာ တကယ်များလားဟု တွေးမိသွားပြန်၏။ ရယ်ရ အခက်၊ ငိုရအခက်။



mgyoe.com



"အဘွား ဘုန်းကြီးကျောင်းသွားမယ်။ မြေးလေး လိုက်ခဲ့။ ဟို ရောက်ရင် ကုသိုလ်ရအောင် ဘုန်းကြီးကို ဝတ်ဖြည့်ပေးနော်"

အဘွားက မောင်ဒွေးမြိုင်ကို အိမ်ခေါင်းရင်း ကွမ်းသီးခြံထဲက ဘုန်းကြီးကျောင်းသို့ ခေါ်သွားပြန်၏။

ဘုန်းကြီး။ အဝါရောင်သင်္ကန်း။ သူ ကိုးကွယ်ရသည်။

နတ်ရုပ်။ ရှားပန်းထည် အနီစ။ မလေးမစား မလုပ်ရ။

မောင်ဒွေးမြိုင်၏ ငယ်ဘဝမှာ အဘွား၏ စကားသည် အရေးပါခဲ့၏။ မိရိုးဖလာဆန်သော ဓလေ့စရိုက်အကြားမှာ သူ မွေးဖွားကြီးပြင်းရ၏။



mgyoe.com



မောင်ဌေးမြိုင်သည် အဘိုးစီးသော လှေကလေးကို ကြိုက်၏။ အဘိုး စီးသလို စီးတတ်ချင်သည်။ သူက စီးကြည့်သည်။ မှောက်သွား၏။

အိမ်ခေါင်းရင်းတွင် ကွမ်းသီးခြံရှိ၏။ ရေတိုးချိန်တွင် ကွမ်းသီး ခြံထဲက မြောင်းထဲမှာ ရေတွေအပြည့် ဖြစ်နေ၏။ သူသည် အဘိုး၏ လှေသေးသေးလေးကို ယူ၏။ မြောင်းထဲသို့ ချ၏။ စီးကြည့်၏။ သူက လှေလှော်သည်။ ရသွားပြီ။ သူ ပျော်သည်။



mgyoe.com





မြောင်းကလေးထဲမှာ လှေသေးသေးလေးကို စီးတတ်အောင် သူက လှေကျင့်နေခဲ့၏။

ကျွမ်းကျင်လာပြီ။ မြစ်ထဲသို့ လှေကလေးနှင့် ထွက်ခဲ့၏။ မြစ်ထဲသို့ ရောက်ခါစမှာ လှေက မှောက်သွား၏။ သူသည် တအားကြောက်သွားသည်။ လှေကလေးကို သူ နောက်ထပ် မစီးဖြစ်တော့ပါ။




mgyoe.com



"သားဦးစနေ မီးလိုမွှေတဲ့။ သူလည်းမွေးရော သူ့အဖေဟာ သစ်လုပ်ငန်း အကြီးအကျယ်ရှုံးပြီး စီးပွားရေး ထိခိုက်သွားတယ်။ စနေသားဆိုတာ မိဘကို ခိုက်စေတယ်။ အကျိုးမပေးဘူး။ နာမည်ကလည်း ဌေးမြိုင် တဲ့" သူ့ဆွေမျိုးများက ပြောကြသည်။



mgyoe.com



၁၉၂၃
သူ့အဖေက ရန်ကုန်မှ ကုမ္ပဏီကြီးတစ်ခုတွင် စပါးဝယ်ပေးရသော
အလုပ်ကို ရ၏။ သူသည် သူ့အဖေနှင့် ရန်ကုန်သို့ လိုက်သွား၏။
ကီလီလမ်း၊
ကျုံးကြီးလမ်း တို့မှာ
သူ နေဖူး၏။



mgyoe.com



ရန်ကုန်မြစ်ပေါ်က ဖြတ်သန်းလာသော လေမှာ အေးမြ၏။ အိမ်ရှေ့ ဝရန်တာမှာ ဂေါ်သဇင်ပန်းရနံ့ကို ရ၏။

သူသည် ကမ်းနားဘက်သို့ မျှော်ကြည့်၏။ ပင်လယ်ကူး သင်္ဘောများ၏ ခေါင်းတိုင်များကို မြင်ရ၏။

ရန်ကုန်မြို့မှာ နေထိုင်ရသည့်အရသာကို သူ ကြိုက်၏။

သူသည် ရန်ကုန်မြို့မှာ ပျော်ရွှင်နေ၏။



mgyoe.com



mgyoe.com

သူသည် အိမ်မှာ ယုန်ကလေးတစ်ကောင် မွေးထား၏။

"ရွှေယုန် ရွှေယုန်"

ယုန်ကလေးက သူ့ထံသို့ ပြေးလာ၏။ သူသည် လှည်းရုပ်ကလေး ဝယ်၏။ ယုန်မှာ တပ်ဆင်၏။

"ယုန်ကလေး ပြေးပြေး"

ယုန်ကလေးသည် လှည်းကလေးနှင့် ပြေးနေ၏။ တစ်ညမှာ ယုန်ကလေး ပျောက်သွား၏။ သူ ကြေကွဲရသည်။

လသာသောညမှာ ယုန်ကလေးက သူ့ထံသို့ ပြန်လာခဲ့၏။

"အိမ်တစ်အိမ်က ခိုးထားတာ"

ယုန်ကလေးကို သူ ပွေ့ပိုက်ထား၏။ နူးညံ့သည်။



mgyoe.com



အဘိုး မကျန်းမာ၍ သူသည် အမေနှင့်အတူ ရွာသို့ပြန်၏။ ၁၀ ရက်ကြာသည်။ ရန်ကုန်အိမ်သို့ပြန်လာ၏။

"ယုန်ကလေး သေသွားပြီ"

သူသည် ဆွေးသွား၏။ လွမ်းဆွတ်မှုဝေဒနာကို သူ စတင်ခံစားရသည်။ "လွမ်းတာဆိုတာ ဒီလိုပါလား" သူသည် ယုန်ကလေးကိုသာ လွမ်းဆွတ်နေမိ၏။

mgyoe.com




မောင်ငွေးမြိုင်သည် ယုန်ကလေး မရှိသောအခါ ပျင်းလှ၏။ သူသည် ကလေးအဖော်များနှင့် ကစားခြင်းကို လုပ်လေ့မရှိ။ သူ့အိမ်မှာသာ နေနေတတ်၏။ အမေက ခဲတံရောင်စုံ ဝယ်ပေးသည်။ ဖယောင်းတောင့်ရောင်စုံ ဝယ်ပေးသည်။ သူလွမ်းသော ယုန်ကလေးကို ဖယောင်းတောင့်နှင့် ဆေးရောင်စုံခဲတံနှင့် အရုပ်ရေး၏။

"ဒီမှာ ငါ့ရွှေယုန်လေး"

သူ့ပန်းချီကားသည် ရွှေရောင်ယုန်ကလေးဖြစ်၏။



mgyoe.com




အဖေကတော့ သူ အားလပ်ရက်မှာ သူ့အနားသို့ ခေါ်၏။

"ဗုဒ္ဓရဲ့ဘဝဖြစ်စဉ်တွေကို ငါ ဖတ်ပြမယ်၊ မင်း နားထောင်ထား။ သေချာနားထောင်နော်။ ငါက ပြန်မေးမှာ"

သူသည် အဖေ့ကို အမေ့လောက်တော့ မချစ်ပါ။



mgyoe.com



ရန်ကုန်မြို့မှာ နေရာကောင်းကောင်း၊ အိမ်ကောင်းကောင်းတွင် ငှားရမ်းနေထိုင်ကြ၏။

"သားလေး အိမ်ထဲမှာပဲနေ၊ အိမ်ပြင်တော့ မထွက်နဲ့"

"ဟုတ်ကဲ့ အမေ"

သူသည် အမေအလစ်ကို စောင့်နေ၏။ အမေလစ်သည့် အခိုက် အိမ်ပြင်သို့ ထွက်ခဲ့၏။ လမ်းပေါ်မှာ ဓာတ်ရထား ခုတ်မောင်း နေ၏။ သူက ဓာတ်ရထားကိုသာ ငေးမောကြည့်နေမိ၏။



mgyoe.com



သံလမ်းပေါ်မှာ ခဲလေးတစ်လုံး ရှိနေသည်။
ဓာတ်ရထားက ခဲလုံးလေးကို ကြိတ်သွား၏။
လင်းလက်သွား၏။

“ဟာ လှလိုက်တာ”

သူ သဘောကျသွား၏။ သူသည် ခဲလုံးလေးတွေကို ပြေး ကောက်သည်။ သံလမ်းပေါ် စီပြီး တင်ထားလိုက်၏။

“ဟိုမှာ ဓာတ်ရထားလာနေပြီ။ ကြိတ်တော့မယ်”

ဓာတ်ရထား လာပြီ။ ကြိတ်မိပြီ။ ပြိုးပြိုးပြက်ပြက်။ လင်းခနဲ လက်ခနဲ။ သူသည် ကြည့်ရင်း ပျော်ရွှင်နေ၏။



mgyoe.com



mgyoe.com

သူ့နောက်က တစ်ယောက်သည် သူ၏အင်္ကျီလည်ကုပ်ကို ဆောင့်ဆွဲလိုက်၏။ သူ လှည့်ကြည့်သည်။

"ဟာ အမေ"

"ခါတ်ရထားပေါ်က ငါတို့မိတ်ဆွေတွေက နင် လုပ်တာမြင်လို့ လှမ်းလှမ်း ဖုန်းဆက်ကြတယ်ဟဲ့"

"ဟုတ် အမေ"

"လာ အိမ်ကို ခုလိုက်ခဲ့။ နောက်တစ်ခါ အပြင်ထွက်ရင် နင် မလွယ်ဘူး"

အိမ်ရောက်တော့ သူသည် ရိုက်ခံထိ၏။ အမေက ခပ်စပ်စပ်လေး ရိုက်ထည့်လိုက်၏။

"နောက်တစ်ခါ အပြင်မထွက်တော့ပါဘူး အမေ"




mgyoe.com




သူသည် အိမ်ထဲမှာပင် နေဖြစ်တော့၏။ အိမ်မှာ ဝတ္ထုစာအုပ်များ ရှိသည်။ သူသည် ဝတ္ထုစာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ဖတ်တော့၏။ စိတ်ကူးယဉ်ဝတ္ထု၊ အချစ်ဝတ္ထု၊ တော်လှန်ရေးဝတ္ထု၊ ဟာသဝတ္ထု … သူ ဖတ်၏။ သူသည် ငယ်ရွယ်စဉ်မှာပင် ဝတ္ထုကို စွဲလမ်းသွား၏။ သူသည် စာဖတ်စကတည်းက ဝတ္ထုကို စကိုင်မိခြင်း ဖြစ်သည်။



mgyoe.com



သူသည် ရွာမှာနေစဉ်ကလည်း သူငယ်ချင်းများနှင့် ငှက်မပစ်တတ်။

ဝါတွင်းမှာ ဥပုသ်ဇရပ်တွင် ဥပုသ်စောင့်ရ၏။

ငါးပါးသီလ ယူရ၏။

“သူများအသက်ကို သတ်ရင် ငရဲကြီးမှာ ငွေ့မြေး”

အဘွားက ပြောသည်။



mgyoe.com